
# ဦးနှောက်ဉာဏ်ဖြင့် တိုးတက်အောင်မြင်ပါ

ဆရာဦးမိုးမြင့်(B.Sc)



Brain Building For
**Achievement**
**by Herbert N Casson**

(တတိယအကြိမ်)


mgyoe.com SAMPLE BOOK

mgyoe.com SAMPLE BOOK

လူတိုင်းလူတိုင်း၏ ပခုံးပေါ်တွင်ရှိသော
တာဝန်၊ ဝတ္တရား၊ အခွင့်အလမ်းကား မိမိကိုယ်မိမိ
ဖွံ့ဖြိုးအောင် ပျိုးထောင်ရန်ပင်ဖြစ်သည်။

2025-5 Graphic Design : Min Thet

9 284381 002445





mgyoe.com

## စာအုပ်ရှာစာပေ

# ထွက်ရှိပြီး စာအုပ်များ

mgyoe.com
SAMPLE BOOK





တန်ဖိုး ၆၀၀၀ ကျပ်



တန်ဖိုး ၆၀၀၀ ကျပ်




တန်ဖိုး ၆၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်



တန်ဖိုး ၆၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK

ဆရာဦးမိုးမြင့်(B.Sc)

# ဦးနှောက်ဉာဏ်ဖြင့် တိုးတက်အောင်မြင်ပါ

## BRAIN BUILDING FOR ACHIEVEMENT

by HERBERT N.CASSON

တတိယအကြိမ်

**စာအုပ်ရွာ** စာပေ ဖြန့်ချိရေး

ဆိုင် – (၁)
အမှတ် – ၁၃၇၊ မြေညီထပ်၊ ၃၆ လမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၈၅၁ ၉၉၉၆

ဆိုင် – (၂)
လှည်းတန်းစင်တာ၊ မြေညီထပ်၊ (လှည်းတန်းလမ်းဘက် ဝင်ပေါက်အနီး)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၉၆၆ ၇၂၂၀၄၇

Facebook Page - **စာအုပ်ရွာ**

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

**စာအုပ်ရွာ စာအုပ်အမှတ်စဉ် – ၃၂**
ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (တတိယအကြိမ်)

မျက်နှာဖုံးဒီဇိုင်း – မင်းသက်
စာစစ် – ဝေမိုးအောင်
ကွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – စာအုပ်ရွာ ပုံနှိပ်လုပ်ငန်းစု

**ဦးအောင်ဖြိုးဟိန်း (၀၃၂၇၁)** ၊ **စာအုပ်ရွာ စာပေ** ၊ အမှတ် ၁၇၃ ၊ ပထမထပ်၊ ၃၁လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေပြီး **ဦးမင်းမင်းဆန်း** ( မြဲ ၀၁၆၈၅)၊ Mother Home ပုံနှိပ်တိုက်၊ အမှတ် (၂၀၆) ၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

စာအုပ်ချုပ် – ကိုမဲလေး (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း)
၀၉ ၂၆၄၅၆၅၆၅၇

**အုပ်ရေ – ၁၀၀၀**
**တန်ဖိုး – ၉၀၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| | ဘာသာပြန်သူ၏အမှာ | ၆ |
| | စကားချီး | ၈ |
| ၁။ | အချိန်ပိုမှာ ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ပါ | ၁၅ |
| ၂။ | အဓိပ္ပာယ်ရှိသော ရည်ရွယ်ချက်ထားပါ | ၃၂ |
| ၃။ | အားသာကွက်ကို အားဖြည့်ပါ | ၄၅ |
| ၄။ | လေ့လာသင်ပြမှုဖြင့် ဦးနှောက်ကို နှိုးဆွခြင်း | ၅၃ |
| ၅။ | အကြံကောင်းမကောင်း လက်တွေ့စမ်းကြည့် | ၆၇ |
| ၆။ | စိုးရိမ်စိတ်ကို ဖယ်ရှား | ၇၆ |
| ၇။ | ဦးနှောက်၏နောက်ပိုင်းကို ထိန်းချုပ် | ၈၃ |
| ၈။ | အများထဲက တစ်ယောက်အနေနဲ့ မြုပ်မနေနဲ့ | ၉၁ |
| ၉။ | သီးသီးကင်းကင်း မရပ်တည်နဲ့ | ၁၀၂ |
| ၁၀။ | ရပ်ခြားတိုင်းပြည်များကို လေ့လာပါ | ၁၁၂ |
| ၁၁။ | အပန်းဖြေအားမွေးမှုအတတ် တတ်ပါစေ | ၁၂၂ |
| ၁၂။ | စိတ်ပျိုပါစေ | ၁၃၀ |


❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏အမှာ

ယခုအခါ မည်သည့်နေရာတွင်မဆို ကွန်ပျူတာမှ ကွန်ပျူတာ ဖြစ်နေကြသည်။ ကွန်ပျူတာ၏ အသုံးဝင်ပုံများ၊ လုပ်ဆောင်ချက်များသည် အံ့ဖွယ်တစ်ရပ် ဖြစ်နေသည်။ သို့သော် လူသားအများ သတိမေ့နေကြသလား မသိ။ ကွန်ပျူတာဆိုသည်မှာ လူသားတို့၏ ဦးနှောက်အတု ဖြစ်နေခြင်းပင်။

ဆိုလိုသည်မှာ အတုသည် အစစ်ကို ဘယ်တော့မှ မလိုက်နိုင်ပါ။ အစစ်၏ စွမ်းပကားကို အတုသည် ဘယ်တော့မှ မကျော်လွန်နိုင်ပါ။

ဆံခြည်မျှင်သွေးကြောများ၊ အဏုမြူကြည့်မှန်အောက်တွင်မှ မြင်နိုင်သော အလုပ်လုပ်နေသည့် ကလပ်စည်းများ ကျွန်တော်တို့ လူသားများ၏ ဦးနှောက်ထဲတွင် တည်ရှိနေပါသည်။ အာရုံငါးပါးကို တိကျစွာ မှတ်သား ခံစားနိုင်သော ဦးနှောက်၊ ပြဿနာပေါင်း သောင်းခြောက်ထောင် ကိန်းဂဏန်း သိန်းသန်း ကုဋေကုဋာတို့ကို မှတ်သား



mgyoe.com

mgyoe.com SAMPLE BOOK

တွက်ချက်နိုင်သော ဦးနှောက်၊ လူတစ်ယောက်၏ သေခြင်းတရားကို ဦးနှောက် အလုပ်မလုပ်ပါက သေပြီဟု အဆုံးအဖြတ်ပေးနေသော ဦးနှောက်၊ စိတ်တစ်ခု ယုတ်ကိုးဆယ်ကို ဖွဲ့စည်းဦးရွက်ပြုထားသော ဦးနှောက်၊ မှတ်ဉာဏ်၊ စဉ်းစားဉာဏ်၊ တီထွင်ကြံဆဉာဏ် စသော ဉာဏ်မျိုးစုံကို သိုမှီးထားသော ဦးနှောက်။

ဤအရေးကြီး အသုံးဝင်ဆုံး ဦးနှောက်ကို သုံး၍ သင့်ဘဝ တိုးတက်အောင်မြင် ကြီးပွားချမ်းသာအောင် ပြုလုပ်ရန် ဤဘာသာပြန် စာအုပ်လေးက တစ်ဖက်တစ်လမ်း လုံးဝ အထောက်အကူပြုမည်ဟု ယုံကြည်လျက် ...။

ဆရာဦးမိုးမြင့် (B.Sc)

❑


mgyoe.com

mgyoe.com SAMPLE BOOK

## စကားချီး

မျက်မှောက်လောက ယဉ်ကျေးမှုသည် ရှေ့မတိုးသာ နောက်မဆုတ်သာသော လမ်းဆုံလမ်းခွ တစ်ခုသို့ ဆိုက်ရောက်နေသည်။ ယင်းသို့သော လမ်းဆုံလမ်းခွသို့ ဆိုက်ရောက်နေသည့် အကြောင်းရင်းခံကား လောကကြီး၏ လက်တစ်ဆုပ်စာ လူတော်လူတတ်များက လောကကြီးကို အကျိုးပြုမည့် စွမ်းအင်သစ် စက်ယန္တရား၊ ကိရိယာအသစ်များ တီထွင် ထုတ်လုပ်နိုင်သော်လည်း လောကလူသား အများစု၊ နိုင်ငံအများစုက ထိုစွမ်းအင်သစ် စက်ယန္တရား၊ ကိရိယာအသစ်များကို ထက်ထက်မြက်မြက် အသုံးပြုနိုင်သော အရည်အချင်း မရှိခြင်းပင် ဖြစ်သည်။

သိပ္ပံနှင့် တီထွင်မှုအရပ်ရပ်သည် ဦးနှောက် ပျိုးထောင်မှုထက် အဆင့်များစွာဖြင့် ရှေ့က ပြေးလွှန်းနေပြီဟု ဆိုရမည်။ အကယ်တမ်းတွင်မူ လူမှုအသိုက်အမြုံ ဘေးအန္တရာယ်ကင်း၊ အကျိုးရှိရေးအတွက် ဦးနှောက် ပျိုးထောင်မှုကို အရင်းပြုရမည်။ အရင်းတည်ရမည်။



mgyoe.com

mgyoe.com SAMPLE BOOK

စွမ်းအင်ပမာဏ များပြားသောအဆင့်သို့ ရောက်ရောက်နေသော နိုင်ငံအချို့ ရှိပါသည်။ ဗြိတိန်၊ ကနေဒါ၊ ဩစတေးလျ၊ နယူးဇီလန်၊ ဆွီဒင်၊ နော်ဝေး၊ ဒိန်းမတ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှာ ထိုသို့သောနိုင်ငံများ ဖြစ်သည်။ ယင်းသို့သော နိုင်ငံများတွင် ချက်ချင်းလက်ငင်းကြီး ယဉ်ကျေးမှုအန္တရာယ် သင့်ရန် အကြောင်းမရှိချေ။ သို့တိုင်အောင်ပင် ယင်းနိုင်ငံများတွင် ကိုယ်ကျင့်တရား ကောင်းမွန်သူများ ပျိုးထောင်နိုင်မှုပေါ်တွင် ယင်းတို့၏အနာဂတ် လုံခြုံရေးနှင့် ဖွံ့ဖြိုးမှု တည်ရှိနေသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်း တခြားအရာထက် အထူးလိုအပ်သောအချက် ရှိသည်။ ယင်းကား ကိုယ်ကျင့်တရား ဖြောင့်မတ်မှန်ကန် နိုးကြားတက်ကြွနေသော လူအများအပြား ရှိရေးပင် ဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်း ပါဝင်သောပမာဏကို ခြုံငုံ ပညတ်ပြုထားသော နာမဝိသေသနတစ်ခုသာ ဖြစ်သည်။ လူ့အသိုက်အမြုံ၊ လူ့ယဉ်ကျေးမှုတွင် မကြုံစဖူးသော စွမ်းအားရှိပြီး အခွင့်အလမ်းများ ပွင့်နေသည့်တိုင်အောင် လူ့ယဉ်ကျေးမှု အသိုက်အမြုံတစ်ခုလုံး ဆုတ်ယုတ် ပျက်ပြားရလျှင် အကြောင်းအချက် တစ်ခုကြောင့်သာ ရှိမည်။ ယင်းကား လူ့ယဉ်ကျေးမှု အသိုက်အမြုံတွင် ပါဝင်သော လူပုဂ္ဂိုလ် တစ်ဦးချင်းက တိုးတက်နေသော စက်ယန္တရားခေတ်၊ ပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီအောင် ကိုယ့်အသိစိတ်ဓာတ်ကို မပျိုးထောင်စွမ်းသောကြောင့်သာလျှင် ဖြစ်မည်ဟု မစ္စတာ အက်စ်မီဝင့်ခ်ဖီလ် စထရက်ဖို့က "ဇရာအတွက် စိတ်သစ်" ဟူသော စာအုပ်တွင် ရေးသားထားခဲ့သည်။

"လူမမယ် ကလေးငယ်၏ လက်ထဲသို့ စက်အားကောင်းလှသော ပြိုင်ကားတစ်စီး အပ်လိုက်လျှင် သို့မဟုတ် အသိဉာဏ် ကင်းမဲ့သည်ဟု ဆိုလောက်သော လူနုံ၊ လူအအား လေယာဉ်ပျံတစ်စင်း


mgyoe.com

mgyoe.com
SAMPLE BOOK

မောင်းခိုင်းလျှင် ဆင့်ပွားဖြစ်လာသည့် အသုဘ အခမ်းအနားသည် စက်ယန္တရား၏ ချို့ယွင်းချက်ကြောင့် ဖြစ်ပေါ်သော အသုဘ မဟုတ်ချေ" ဟု မစ္စတာ ဝင့်ခ်ဖီလ် စထရက်ဖို့က ဆက်လက် ရေးသားထားခဲ့သည်။

လူတိုင်း လူတိုင်း၏ ပခုံးပေါ်တွင်ရှိသော တာဝန်၊ ဝတ္တရား၊ အခွင့်အလမ်းကား မိမိကိုယ်မိမိ ဖွံ့ဖြိုးအောင် ပျိုးထောင်ရန်ပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဆင်းရဲချို့တဲ့သော အရပ်ဒေသများ အကြောင်း အမြဲ ကြားနေရလေ့ရှိသည်။ ကျွန်ုပ်တို့ အရေးအရာထား သုံးသပ်သင့်သော ဆင်းရဲချို့တဲ့သော အရပ်ဒေသတစ်ခု ရှိသည်။ ယင်းကား ဦးထုပ်အောက်၊ ဆံပင်အောက်တွင် ရှိသော အရပ်ဒေသပင် ဖြစ်သည်။ ယင်းကား ဆင်းရဲချို့တဲ့သော ဦးနှောက်ပင် ဖြစ်သည်။

သင့်လက်ကို ၆ လတာမျှ ခါးတွင် ကပ်ချည်ထားလျှင် အသုံးမပြုနိုင်တော့ကြောင်း တွေ့ရမည်။ လှုပ်ရှားနိုင်ခြင်းပင် ရှိမည်မဟုတ်ချေ။ အသုံးမပြုဘဲထားသော ဦးနှောက်သည်လည်း ထိုအဖြစ်ပင် ကြုံတတ်သည်။ အလုပ်လုပ်ခြင်း မရှိတော့ချေ။ တွေးတောစဉ်းစားသော စွမ်းရည် ကင်းမဲ့သွား၏။ မိမိ၏ အလုပ်အကြောင်း မတွေးသော၊ သုံးသပ်လေ့လာမှု ရပ်သော၊ ပညာပေးစာအုပ်များ မဖတ်ရှုသော ထိုဦးနှောက်သည် ကေန်ပင် ချို့တဲ့သောဦးနှောက် ဖြစ်သွားသည်။ စွန့်ပစ်ထားသော သင်္ဘောကျင်းနှင့် တူလာသည်။ ချို့တဲ့နွမ်းပါးနေသည့် ကာလကြာလေ ပြန်လည်နိုးဆွ ပျိုးထောင်ရ ခက်လေပင် ဖြစ်သည်။

ဤဦးနှောက်ဖွံ့ဖြိုးမှု အပိုင်းကို ပညာရေးအဖွဲ့အစည်းမှ တာဝန် မယူနိုင်ကြောင်းကို ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည်။ ပညာရေးအဖွဲ့အစည်းများသည် အချိန်ကာလနှင့် လိုက်မီနိုင်စွမ်း မရှိချေ။ ယင်းတို့


mgyoe.com

mgyoe.com SAMPLE BOOK

သည် လေယာဉ်ပျံခေတ်တွင် လှည်းမြင်းခေတ်ကာလ လူတို့၏ စိတ်ဝင်စားမှု ကိစ္စအရပ်ရပ်နှင့် သီးသီးခေါင်ခေါင် ကင်းလွတ် ကမ္ဘာခြားနေသည်။ ပညာရေး အသိုက်အမြုံများသည် ရှေးဟောင်း သုတပြတိုက်ကြီးများ ဖြစ်နေသည်။ သိပ္ပံနှင့် တီထွင်မှုတို့၏ အောင်မြင်မှုတို့ကို လုံးဝဥဿုံ ဥပေက္ခာပြုထားကြသည်။

"ကျုပ်တို့ရဲ့ ကျောင်းတွေဟာ ခေတ်ကုန်နေတဲ့ ဘာသာရပ်တွေမှာ အချိန်ဖြုန်းပြီး အကြီးမားဆုံး အခြေခံအချက်တွေကို လျစ်လျူရှုထားနေကြတယ်" ဟု ဆာရစ်ချတ်ဖာဂတ်က အောက်စဖို့မြို့တွင် ကျင်းပသည့် စက်မှုဖက်စပ်လုပ်ငန်း အဖွဲ့အစည်း ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

"ကျုပ် အီတွန်မှာ ကျောင်းတက်ခဲ့တယ်။ အဲဒီမှာ ကျောင်းတက်နေတဲ့ တစ်ကာလလုံး စိုက်ပျိုးရေး၊ စီးပွားရေး၊ နက္ခတ္တဗေဒ၊ ကျန်းမာရေးစည်းမျဉ်းဆိုတဲ့ စကားတွေကို မကြားခဲ့ဖူးဘူး။ ခေါမနဲ့ လက်တင်ဘာသာ လေ့လာရတာဟာ တချို့လူတွေအတွက် အပျော်တမ်း ဝါသနာတစ်ရပ် အနေနဲ့တော့ ကောင်းနိုင်ပါတယ်။ ဒါပေမဲ့ ရှေ့ ချက်ချင်းလက်ငင်းကြီး ကြုံတွေ့ရမယ့် ဘဝပြဿနာကြီးတွေ ဖြေရှင်းရာမှာ ဘယ်လိုအသုံးပြုမတုန်း" ဟု ဖာဂက်က ဆက်လက်ပြောကြားခဲ့သည်။

မှန်ပါသည်။ မိမိသား ကျောင်းထားထားသော လုပ်ငန်းသမား မိဘတိုင်းအတွက် ထိုအချက်ကား သုံးသပ်စရာ အချက်ပင်။ မိမိသားကို ဘာသင်ကြားပေးကြမှန်း မိမိကိုယ်တိုင် သိသင့်သည်။ မျက်မှောက်ကာလ သင်ရိုးသည် လုံးဝဥဿုံ ခေတ်တုံးနေသည်။ စီးပွားရေးသမားများက ပလွေဆရာကို အခပေးသည်ဟု ဆိုလောက်သော အမြတ်အစွန်းစနစ်ကြောင့် အစိုးရကို ထိုက်သင့်သော အမြတ်ခွန် ဆောင်နေသော စီးပွားရေးသမားသည် မိမိသားသမီးများ ပညာ


mgyoe.com

mgyoe.com
SAMPLE BOOK

တတ်ရေးအတွက် စေ့ဆော် တောင်းဆိုပိုင်ခွင့် ရှိသည်။ တစ်နည်း မိမိ အခပေးထားသော ပလွေဆရာကို ဘယ်တေးဆို ညွှန်ပြခွင့်ရှိသည်။ ကျောင်းများ၊ တက္ကသိုလ်များတွင် မည်သည့်ဘာသာရပ်၊ မည်သည့်ပညာ သင်ကြားသင့်သည်ကို ဆိုခွင့်၊ ပြောခွင့် ရှိသင့်သည်။

သိပ္ပံနှင့် တီထွင်မှုအဆင့် တစ်ဟုန်ထိုး မြင့်မားနေသော မျက်မှောက်လောကတွင် အံဝင်ခွင်ကျ နေထိုင်နိုင်ရန်အတွက် အလုပ်လုပ်စွမ်းသောဦးနှောက် ရှိရမည်။ ပြတိုက်ဦးနှောက် ပိုင်ဆိုင်နေ၍ မရချေ။ လူသည် မှတ်မိစွမ်းရှိသလို တွေးခေါ်စွမ်းရှိရန်လည်း လိုသည်။ ဆုံးဖြတ်ချက် ချနိုင်စွမ်းလောက်အောင် ပြည့်ဝသော စိတ်စွမ်းအင် ရှိရမည်။ လူ့စရိုက်လူ့သဘာဝကို သိရမည်။ ဆင်ခြင်တုံဉာဏ်ဟုခေါ်သော အသိတရား ရရှိနိုင်သော နည်းလမ်းအရပ်ရပ်ကို သိရမည်။ အချက်အလက်များကို စုစည်းလိုသောဆန္ဒ ရှိရမည်။ အချက်အလက်များကို အမျိုးအစားခွဲနိုင်သော ဉာဏ်ရည် ရှိရမည်။ ဤစာအုပ်တွင် ဖော်ပြထားသော ဦးနှောက်တည်ဆောက်မှု (ဝါ) ပျိုးထောင်မှုဆိုသည်မှာ ယင်းအချက်ပင် ဖြစ်သည်။

ဦးနှောက်ကို မွေးဖွားသည်မှာ မှန်၏။ သို့သော် ထိုဦးနှောက်ကို ပြုပြင်တည်ဆောက် (ဝါ) ပျိုးထောင်၍လည်း ရသည်။ ဦးနှောက်၏ အရည်အသွေးသည် ဦးနှောက်၏ အလေးချိန် မဟုတ်ချေ။ ဦးနှောက်၏ စွမ်းအင်၊ ဖွဲ့စည်းမှု၊ လှုပ်ရှားမှုသာ ဖြစ်သည်။ မျိုးရိုးဗီဇအားဖြင့် ဦးနှောက် အားနည်းခဲ့သော်လည်း မဆုတ်မနစ်သော ဇွဲ၊ မိမိကိုယ်ကိုမိမိ ယုံကြည်မှုအပြည့်ဖြင့် ကမ္ဘာ့အတွေးအခေါ်ပညာရှင်ကြီးတစ်ဦး ဖြစ်လာသော ပုဂ္ဂိုလ်အများအပြား ရှိသည်။

လူသည် ယင်းဦးနှောက်ကို ဖွံ့ဖြိုးအောင် ပျိုးထောင်ထားသည့်အဆင့်ပေါ် မူတည်၍ လူမှုရေး၊ စီးပွားရေးလောကတွင် နိမ့်မြင့်ရပ်တည်သည်။ ဓာတုဗေဒပစ္စည်း တစ်ခုအဖြစ် ကြည့်လျှင် လူသည်


mgyoe.com

mgyoe.com SAMPLE BOOK

လေးသျှီလင်မျှတန်သည်ဟု ဆိုသည်။ ဆာအိုင်ဇက်နယူတန်သည် ထိုမျှသာ တန်ခဲ့သည်။ ရှိတ်စပီးယားနှင့် ဝန်ကြီးချုပ် ကယ်(လ်)ဗင်လည်း ထိုမျှသာ တန်ခဲ့သည်။

ခန္ဓာကိုယ်အနေဖြင့် လူသည် တစ်ပတ်လျှင် သုံးပေါင် သို့မဟုတ် ငါးပေါင်လောက် တန်ကောင်းတန်မည်။ ယင်းကား သူ၏ ကြွက်သားများ၊ အရိုးများ၏တန်ဖိုး ဖြစ်သည်။ တစ်နည်း သူ၏ ကာယတန်ဖိုး ဖြစ်သည်။ သို့သော် ဦးနှောက် (ဝါ) ဉာဏအဆင့်ဖြင့် တွက်လျှင် ပေါင်သန်းပေါင်းများစွာ တန်နိုင်သည်။ လူသည် မိမိတန်ဖိုးကို တက်စေလိုလျှင် မိမိ၏ခေါင်းကို ပို၍ အသုံးပြုရမည်။

ဉာဏဖွံ့ဖြိုးမှုနှင့် ပတ်သက်သောစာအုပ် ရာပေါင်းများစွာ ရှိသည်။ သို့သော် အများစုမှာ သာမန်လူများ နားလည်ရခက်သော စာသံပေသံဖြင့် ရေးသားထားသော စာများ ဖြစ်သည်။ ယင်းစာအုပ်အများစုကို စိတ္တဗေဒ ပညာရှင်များက ရေးသားထားပြီး ယင်းတို့က အလုပ်လုပ်နေသော ဦးနှောက်ဟု ခေါ်ဆိုသော ဦးနှောက်ကို လူတော်တော်များများ သဘောမပေါက်ကြောင်း နားမလည်ကြချေ။

ဦးနှောက်ဖွံ့ဖြိုးရေး၊ ပျိုးထောင်ရေးနှင့်ပတ်သက်ပြီး လူတိုင်းနားလည်အောင် ရှင်းလင်းတိကျ သဘောပေါက်လွယ်သော စကားဖြင့် ရေးသားထားသောစာအုပ် အများအပြား လိုအပ်သည်။ သို့သော် ပညာရေး အာဏာပိုင်များက ထိုအချက် ဆောင်ရွက်ရန် ချို့ယွင်းနေသောကြောင့် အပြင်လူများက ယင်းအချက်ကို ဆောင်ရွက်နေရသည်။ ရေးသားနေရသည်။

ဉာဏဖွံ့ဖြိုးရေးကို စေ့ဆော်သော ပဲလ်မန်စနစ် ညွှန်ကြားချက်များ ထုတ်ရန် မဆိုလိုချေ။ သို့သော် ပဲလ်မန်စနစ်ကြောင့် လူတော်တော်များများ ဉာဏဖွံ့ဖြိုးမှုကို သတိပြု အလေးထားရမှန်း နားလည်လာသည်ကို ဝန်ခံရမည်။ ယင်းစနစ်ကြောင့် လူထောင်


mgyoe.com

mgyoe.com SAMPLE BOOK

သောင်းချီ၍ ဉာဏ်ရည် ဖွံ့ဖြိုးခဲ့သည်။ ဦးနှောက် ပျိုးထောင်ဖြစ်ကြသည်ကို ဝန်ခံရမည်။ ယင်းအချက်ကိုလည်း လူသိအောင် ကြော်ငြာများ ပညာသားပါပါ အသုံးပြုခဲ့သည်။ ယင်းလုပ်ရပ်တွင် အပြစ်ရှိသည်ဟု ကျွန်ုပ် မမြင်ပါ။ အနာဂတ်ကာလ တစ်ချိန်ချိန်တွင် လူတို့လိုအပ်သမျှ အသိဉာဏ် မှန်သမျှကို ထိုသို့ "ကွက်တိထုတ်ပိုး" ရောင်းချနိုင်မည်ဟု ယုံကြည်ပါသည်။

ဤစာအုပ်သည် ဦးနှောက်ဖွံ့ဖြိုးမှု သင်ရိုးတစ်ခုပင် ဖြစ်သည်။ စာအုပ် ၁၂ အုပ်ဖြင့် ခွဲဝေထုတ်ရမည့်အစား တစ်အုပ်တည်းဖြစ်အောင် စုပေါင်းထားခြင်း ဖြစ်သည်။ စိတ်စွမ်းအင်၊ ဉာဏ်စွမ်းအင်ဖွံ့ဖြိုး ထိန်းချုပ်နိုင်ရေး လမ်းညွှန်ချက်လေးများ ရှင်းရှင်းလင်းလင်းတင်ပြထားသည်။ ဤစာအုပ်ကို လေ့လာ၍ ကမ္ဘာ့အကျိုးပြု တွေးခေါ်ရှင်များ တိုးပွားလာမည်ဆိုလျှင် ဤစာအုပ် ရေးသားရကျိုး နပ်သည်ဟု ယူဆမိပါသည်။

ဟားဘတ် အန် ကာဆင်

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

## အချိန်ပို့မှာ ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ပါ

ဤအခန်းတစ်တွင် ဖော်ပြရမည့် ပထမဆုံးအချက်ကား အောက်ပါအတိုင်း ဖြစ်သည်။ မိမိ၏ ဉာဏစွမ်းရည် ဖွံ့ဖြိုးရေး အတွက် မိမိ၏ နိစ္စဂူဝ လုပ်ငန်းပေါ်တွင်သာ အားကိုးသမှု မပြုနိုင် ဟူသော အချက်ပင် ဖြစ်သည်။

လူသည် နေ့စဉ်နေ့တိုင်း ပုံမှန်ပုံသေအလုပ်ကို လုပ်နေရ သည်သာ များသည်။ ဤနေ့လုပ်သော အလုပ်၏ ငါးပုံလေးပုံသည် မနေ့က လုပ်ကိုင်ခဲ့သော အလုပ်နှင့် တစ်ထပ်တည်းတူဖို့ များသည်။ သို့ဖြင့် ထိုသူသည် သူ့ဦးနှောက်၏ ဖန်တီးမှုစွမ်းရည်ကို အသုံးချ နေခြင်း မဟုတ်ဘဲ မှတ်ဉာဏ်ကို အသုံးပြုနေခြင်းသာဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။ သူလုပ်ကိုင်နေသော တာဝန်အများစုကို အလိုလို ထမ်းဆောင်နေခြင်းမျှသာ ဖြစ်သည်။ မိမိ ဉာဏစွမ်းရည်


mgyoe.com

mgyoe.com SAMPLE BOOK

ဖွံ့ဖြိုးအောင် ဆောင်ရွက်ပြီးသောအခါတွင်မှ ထိုသူသည် နေ့တရုပ အလုပ်ကို လုပ်ကိုင်ရင်း တွေးခေါ် စဉ်းစားလေ့ရှိသည်။ အဖြစ်အပျက်လေးတစ်ခု၊ အချက်အလက်လေး တစ်ခုကြောင့် နိယာမတစ်ခုကို တွေးခေါ်မိနိုင်သည်။ သူ၏ဦးနှောက်သည် ရှုမြင်သုံးသပ်တတ်အောင် လေ့ကျင့်ထားသော ဦးနှောက် ဖြစ်နေချေပြီ။ သူသည် အလိုအလျောက် လှုပ်ရှား ဆောင်ရွက်စွမ်းစေသော ဦးနှောက် အစိတ်အပိုင်းလေး တစ်ခုကိုသာ အသုံးပြုနေခြင်း မဟုတ်ဘဲ ဦးနှောက်တစ်ခုလုံးကို အသုံးပြုနေခြင်း ဖြစ်သည်။

သို့သော် ဦးနှောက် ဖွံ့ဖြိုးမှုသည် လူတစ်ယောက်၏ အလုပ်အားလပ်ချိန်တွင် ဆောင်ရွက်မှုပေါ်တွင် စတင်သည်။ ဦးနှောက်တစ်ခု တည်ဆောက်ခြင်း (ဝါ) ပျိုးထောင်ရခြင်းမှာ မလွယ်ကူချေ။ စက်ယန္တရားကြီးတစ်ခု တည်ဆောက်နေရသကဲ့သို့ပင် အာရုံစူးစိုက်ရန်လိုသည်။ မိမိအသက်မွေးဝမ်းကျောင်း လုပ်ငန်းကို ပြည့်ဝပြီးသော ဦးနှောက်ဖြင့် စတင်သူဟူ၍ မရှိချေ။ ဖြစ်နိုင်ခြေ အနည်းအများဖြင့်သာ ပဏာမ ခြေလှမ်းကြလေ့ရှိသည်။

လူငယ်တစ်ဦး အားလပ်ချိန်တွင် ဆောင်ရွက်သော ကိစ္စရပ်တို့ကို အကဲခတ်၍ လူငယ်၏ အနာဂတ်ကို ဟောကိန်းထုတ်နိုင်သည်။ ကြိုတင်မှန်းဆ တွက်ချက်နိုင်သည်။ ပွဲကြည့်ပရိသတ်တစ်ယောက် ဖြစ်မည်လား၊ ဖန်တီးရှင် ဖြစ်မည်လား အကဲဖြတ်နိုင်သည်။ လောကသားတိုင်းသည် ထိုနှစ်မျိုးနှစ်စားတွင် အကျုံးဝင်သည်။ ဘဝဇာတ်ခုံတွင် တက်တက်ကြွကြွ ပါဝင်သူ ဖြစ်လျှင်ဖြစ်မည်။ သို့မဟုတ်ပွဲကြည့်ပရိသတ်တစ်ယောက် အဖြစ်သာ ဖြစ်မည်။ အားလပ်လျှင် ကပွဲများ၊ ရုပ်ရှင်များ၊ ပြိုင်ပွဲများ၊ ဘောလုံးပွဲများတွင် အချိန်ဖြုန်းနေသူဖြစ်လျှင် ထိုသူသည် ဘဝတစ်သက်တာ ပွဲကြည့်ပရိသတ် ဖြစ်သွားနိုင်ရန် အလားအလာ များသည်။ သူ့ကြောင့် လောကတွင် ရလဒ်


mgyoe.com

mgyoe.com SAMPLE BOOK

ရှိမည်မဟုတ်။ သူ သေဆုံးသွားလျှင်လည်း ဘာမှ ကျန်ခဲ့မည်မဟုတ်ချေ။ သူ မည်သည့်အလုပ်အကိုင်မျိုး လုပ်ကိုင်နေသည် ဖြစ်ပါစေ။ အခြား စက်ရုပ်လူသားက အလွယ်တကူ ကွက်လပ်ဖြည့် ဆက်လက်ထမ်းဆောင်သွားပေလိမ့်မည်။

သို့သော် ထိုလူငယ်သည် သူ၏ အားလပ်ချိန် တစ်ဝက်မျှ လောက်တွင်ပင် အသိပညာ သို့မဟုတ် ကျွမ်းကျင်မှုတစ်ခု ဆည်းပူးရန် ကြံသည်ဆိုလျှင် ထိုသူသည် ဧကန်ပင် ဖန်တီးရှင်ဖြစ်လာရန် သေချာသည်။

လူငယ်အများစုသည် အချိန်အခါပေးတုန်း ပျော်လိုက်ပါးလိုက် လုပ်ချင်ကြသည်။ ဘဝကို ရေတိုကြည့်လွန်းသည်။ ရေရှည်အမြင် မရှိချေ။ အသက် ၄၀ ကျော်မှ ပျော်ရန်ပါးရန် စိတ်ပိုင်းဖြတ်ထားလျှင်မူ အသက် ၁၈ နှင့် အသက် ၄၀ ကြားကာလတွင် ဦးနှောက်ပျိုးထောင်မှုကို အလေးထားသင့်သည်။ တစ်နည်းဆိုရလျှင် လူသည် အသက် ၄၀ ထိ "အကြောင်း" ကို ဦးစားပေးသင့်သည်။ အသက် ၄၀ ကျော်မှ "အကျိုး" ကို မြင်ရမည်။

အပျော်အပါးသာ လိုက်စားပြီး လက်တွေ့ကျပြီး လေးနက်သော အကြောင်းရပ်များကို နှာခေါင်းရှုံ့သော လူငယ်သည် အသက် ၃၀ အရွယ် ရောက်သောအခါတွင် သူနှင့်ရွယ်တူများ သူ့ရှေ့ ကျော နေသည်ကို တွေ့ရလိမ့်မည်။ ဆင်ခြင်တုံတရားရှိသော လူငယ်သည် သူ့ဘဝတစ်ခုလုံးကို ခြုံငုံမြင်သည်။ အဆင့်တက်ရေး လှေကားထစ်ကို အပတ်တကုတ် တက်နေသင့်သည်။ သူသည် တန်ဖိုးရှိ နှစ်ကာလများကို အလဟဿ ဖြုန်းတီးလေ့မရှိချေ။ အသိပညာ မြန်မြန် ဆည်းပူးပြီး မြန်မြန် အသုံးပြုသည်။ ထိုအခါတွင် သူသည် ဘဝအစ နှစ်ကာလ အနည်းငယ်တွင်သာ ပျော်ရွှင်မှုရခြင်း မဟုတ်ဘဲ ဘဝတစ်သက်တာလုံး ပျော်ရွှင်ချမ်းမြေ့ခွင့် ရသွားနိုင်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်ုပ်တို့သည် အလုပ်လက်မဲ့များအကြောင်း ပြောဆိုလျှင် ခန္ဓာကိုယ်အရ အလုပ်လက်မဲ့ ဖြစ်နေသူများကိုသာ ရည်ညွှန်း ပြောဆိုကြခြင်း ဖြစ်သည်။ ဦးနှောက် အလုပ်လက်မဲ့ ဖြစ်နေသည့် အရေအတွက်ကိုမူ စစ်တမ်းကောက်ယူ၍ မရချေ။ သို့သော် သန်းပေါင်းထောင်သောင်းချီ ရှိနေသည်ကိုပင် ခန့်မှန်း၍ရသည်။ ထိုဦးနှောက်များမှ တွေးခေါ်မြော်မြင်မှု စွမ်းအားများ အသုံးပြုနေကြခြင်း မရှိချေ။ ဖန်တီးမှုအတွေးအခေါ်များ ပွင့်လင်းသော ဦးနှောက်၏ အရှေ့ပိုင်းသည် လုံးဝဥဿုံ အလုပ်အကိုင် မဲ့နေသည်။ လူသည် ဦးနှောက်ကို အလုပ်မလုပ်ခိုင်းဘဲ တာဝန်ထမ်းဆောင်သွားကာ အသက်ရှင် လှုပ်ရှားနိုင်စွမ်းသည်။ အတွေ့အကြုံ မှတ်ဉာဏ်ဖြင့် မိမိကိုယ်ကိုမိမိ လမ်းညွှန်သွားသည်။ မနုဿလူသားများ တိရစ္ဆာန်ထက် မြင့်သော အဆင့်သို့ မြှင့်တင်ပေးထားသော ဦးနှောက်အရှေ့ပိုင်း တစ်ခုလုံးကို ပိတ်ထားသော စက်ရုံကဲ့သို့ အချည်းနှီး ထားထား၏။

ကျွန်ုပ်တို့တွင် အပန်းဖြေချိန် ရှိသင့်သည်။ သို့သော် အပန်းဖြေနေသည်ဟု ဆိုပြီး ဦးနှောက်ကို လုံးဝ အနားယူရန် မဟုတ်ချေ။ အလုပ်သမားတစ်ဦးသည် အလုပ်နားရက် ရသင့်သည်။ အမေရိကန်နိုင်ငံမှ ထုတ်ဝေသော ပန့်(ချ်)မဂ္ဂဇင်းတွင် ထိုအချက်နှင့် ပတ်သက်ပြီး ကာတွန်းတစ်ပုဒ် ပါရှိခဲ့ဖူးသည်။ ကလေကချေပုံထွက်နေသော လူငယ်တစ်ဦးသည် အသက်ကြီးသော ပန်းချီဆရာတစ်ဦး ပန်းချီဆွဲနေသော အခန်းတွင်းသို့ ဝင်သည်။ "ခင်ဗျား လေ့ကျင့်ခန်းတွေ ဘာတွေ မလုပ်ဘဲနဲ့ ဘယ်လိုနေနိုင်လဲ။ ကျွန်တော်တော့ အချိန်ပြည့် ကျန်းမာကြံ့ခိုင်အောင် လုပ်တယ်" ဟု လူငယ်က ပြောလိုက်သည်။ ထိုအခါ ပန်းချီဆရာက "ဘာအတွက် ကျန်းမာကြံ့ခိုင်အောင် လုပ်နေသလဲ" ဟု မေးလိုက်သည်။

ကျွန်ုပ်တို့အများစုသည် အားကစားလိုက်စား၊ ရက်အား


mgyoe.com

mgyoe.com SAMPLE BOOK

အပန်းဖြေခြင်းများ ပြုလုပ်လာနေကြရာ ယင်းကျန်းမာကြံ့ခိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာကြီးအတွက် ပို၍ အသုံးဝင်ရန် ကြိုးစားနေကြောင်း မမေ့လျော့သင့်ပေ။ အပန်းဖြေမှုသက်သက်ကို အာရုံပြုနေသော သူများသည် ယင်းတို့ဘဝကို ဖြုန်းတီးနေကြသူများသာ ဖြစ်သည်။ ဓားတစ်ချောင်းကို အသုံးပြုရန် မရည်ရွယ်ဘဲ ထက်အောင် သွေးနေခြင်းကား အဓိပ္ပာယ်မဲ့လွန်းသည်။ ဘဝကို အသုံးချရန် မရည်ရွယ်သောသူ တစ်ဦးသည် အပန်းဖြေ အားမွေးနေရန် အကြောင်းမရှိချေ။

ဦးနှောက်ကို အသုံးမပြုဘဲ ထားခြင်းအတွက် ဆင်ခြေပေးစရာအချက် မရှိချေ။ ဦးနှောက်သည် လူ့ခန္ဓာကိုယ်ကဲ့သို့ အလုပ်လုပ်နေရင်း နားရန်မလိုချေ။ အပြောင်းအလဲ လိုသော်လည်း အနားယူရန် မလိုအပ်ချေ။ အိပ်ပျော်သောအခါတွင် ဦးနှောက် အနားယူခြင်းရပြီးသားဖြစ်သည်။

ဦးနှောက်ပင်ပန်းမှုဟုခေါ်သော ရောဂါသည် အရာတစ်ခုတည်းအပေါ် အချိန်ကြာမြင့်စွာ အာရုံစူးစိုက် လုပ်ကိုင်နေမှုကြောင့်သာ ဖြစ်ပွားသောရောဂါ ဖြစ်သည်။ ဥပမာ – ဉာဏသမားတစ်ဦးသည် နှစ်နာရီ၊ သုံးနာရီမျှ အလုပ်လုပ်ပြီးတိုင်း အပြောင်းအလဲ လိုအပ်သည်ဟု ယူဆ၍ရသည်။ ဦးနှောက်၏ အခြားအစိတ်အပိုင်းသို့ သွေးလွှတ်ပေးရန် လိုအပ်သည်။ သို့သော် ဦးနှောက်ကို ရပ်တန့်ထားရန် မလိုအပ်ချေ။

ဘဝ၏ နွေဦးပေါက်ရာသီဟု ခေါ်လောက်သော ပထမအရွယ် နှောင်းပိုင်းကာလ လူငယ်အများအပြားသည် လျှို့ဝှက်သည်းဖိုစာအုပ်များ ဖတ်ရှုခြင်း၊ စကားလုံးပဟေဠိ ရှင်းခြင်း၊ လောင်းကစားခြင်း၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် အချိန်ကုန်ခံခြင်းဟူသော အချိန်ဖြုန်းနည်းစနစ် အများအပြား အသုံးပြုလေ့ရှိသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ယင်းလူငယ်အများစုသည် အချိန်သာ ရှိသောသူများ ဖြစ်သည်။ အချိန်သည် ယင်းတို့၏ တစ်ခုတည်းသော အရင်းအနှီး ဖြစ်သည်။ ယင်းအရင်းအနှီးကို တစိမ့်စိမ့် တမျှင်မျှင် ဖျက်ဆီးနေကြခြင်းသာ ဖြစ်သည်။

"အနိမ့်ဆုံးသော မနုဿစိတ်စွမ်းအင်မှာ ထွက်ပေါက်ရှိရန် လိုသည်။ ပြေပြေပြစ်ပြစ်၊ ညင်ညင်သာသာ၊ ကောင်းကောင်းမွန်မွန် ထွက်နိုင်မည့် ထွက်ပေါက် ရှိရမည်။ သို့အတွက် ပဟေဠိများ၊ ပြိုင်ပွဲများ ဖန်တီးခဲ့သည်။ ယင်းထွက်ပေါက်ရှာရာမှ နိဂုံးကမွတ် အဖြေအဖြစ် စကားလုံးပဟေဠိကို တွေ့လာခဲ့သည်။ စကားလုံးပဟေဠိသည် စိတ်ဖြေရာ၊ စိတ်ထွက်ပေါက်ရှာရာတွင် သိပ္ပံနည်းအကျဆုံး နည်းစနစ် ဖြစ်သည်။ သို့သော် အကျိုးအမဲ့ဆုံး၊ အချိန်ကုန်သည်နှင့်အမျှ အချည်းနှီးဆုံးသော သိပ္ပံအကျိုးမဲ့ တီထွင်မှုသာ ဖြစ်သည်" ဟု မစ္စတာ အက်(စ်)မီဝင့်(ခ်)ဖီ(လ်)စထရက်ဖို့က ဆိုခဲ့သည်။

အလုပ်အကိုင်မရှိ၊ ဖွံ့ဖြိုးသောဦးနှောက် ကင်းမဲ့သော လူတိုင်း လူတိုင်းက အားလပ်ချိန်ကို ဖြုန်းတီးရမည့်အချိန်ဟု ယူဆခြင်းကား ဆိုးဝါးလှသည်။ တန်ဖိုးမထားချေ။ "အားနေတယ်။ ဘယ်လိုများ ဖြုန်းရမလဲ" ဟူသော မေးခွန်း ထုတ်လေ့ရှိကြသည်။

အားလပ်ချိန်နှင့်ပတ်သက်၍ ထိုသို့ သဘောထားသော လူငယ်သည် ဦးနှောက် ဖွံ့ဖြိုးပျိုးထောင်ရေး လမ်းပေါ်သို့ ခြေလှမ်းမစနိုင်ချေ။ မိမိစွမ်းအင်ကို မိမိ ရှာတွေ့မည်မဟုတ်ချေ။ လုပ်ငန်းတစ်ရပ်ရပ်တွင် အထက်သို့တက်နိုင်ရန် အလားအလာ ရှိသည့်တိုင်အောင် သာမန်အလုပ်တစ်ခုကို အလိုအလျောက် ဆောင်ရွက်နေခြင်းဖြင့် တစ်သက်တာလုံး အချိန်ဖြုန်းသွားသည့်အခြေ ဆိုက်နိုင်သည်။

လူငယ်အများစုသည် အလုပ်အကိုင် တစ်ခုခု ရှိနေလျှင် ကျေနပ်ကြသည်။ သူသည် တစ်ရက်လျှင် ၈ နာရီမျှ အလုပ်လုပ်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်နိုးထနေသော အချိန်ကာလကို တစ်နည်းတစ်ဖုံ ပျော်ပါးပစ်ရမည်ဟု ယူဆသည်။ အလုပ်က ပညာသင်ပေးနေသည်။ သူ့ကို ပို၍ ပညာတတ်လာနေစေသည်ဟု ထင်မှတ်တတ်သည်။ သူ့အလုပ်က သူ့ ကို အတွေ့အကြုံ ရှိနေစေသည်။ သူ၏ ဦးနှောက်ဖွံ့ဖြိုးမှုသည် သူ့အလုပ်ပေါ်တွင် မတည်ဘဲ သူ့ကိုယ်ပိုင် ဝါယမထုတ်လုပ်မှုပေါ် မူတည်မှန်း သဘောမပေါက်ချေ။

လူငယ်တစ်ဦး ကျောင်းမှထွက်၍ အလုပ်ဝင်လျှင် သူ၏ ပထမအလုပ်ကို အရေးအရာထားကာ တွက်စရာမလိုချေဟု ဆိုသည်။ ဒုတိယအလုပ်၊ တတိယ၊ စတုတ္ထအလုပ်ကိုလည်း အရေးထားရန် မလိုချေ။ သူ့တွင် အသိပညာ အနည်းအပါးသာ ရှိသည်။ ကျွမ်းကျင်မှု ကင်းမဲ့သည်။ ထိုလုပ်ငန်းများတွင် သူသည် သူ့ပထမသင်ခန်းစာကို တတ်မြောက်ရမည်။ ယင်းကား အကြီးအကဲက ပြောသည့်အတိုင်း လုပ်ရန်ဖြစ်သည်။ ကိုယ့်အစွမ်းကို သိသောသူများ နည်းပါးလှသည်။ မည်သည့်အလုပ်အကိုင် ဝင်ရောက်ရသည်ဖြစ်စေ ယင်းအလုပ်အကိုင်က ယင်းတို့ကို မှတ်ကျောက်တင်ပြီး အရည်အသွေးပြရန် အခွင့်အလမ်း ပေးလာမည်။

အသက် ၃၀ အရွယ်တွင် လူငယ်တစ်ဦးရှိနေသော အလုပ်အကိုင်သည် အရေးပါသည်။ ယင်းအရွယ်သို့ ရောက်သောအခါတွင် သူသည် အစွမ်းရှိသောလူလော၊ စက်ရုပ်လော ကွဲပြားသွားပြီ ဖြစ်သည်။ အစွမ်းရှိသောလူ၊ ထက်မြက်သောလူ ဖြစ်ရန်အတွက် အားလပ်ချိန် အသုံးပြုပုံက အရေးကြီးသည်။ လူငယ်တစ်ဦး၏ အဆင့်မြင့် တိုးတက်မှုသည် တစ်နေ့ ၈ နာရီ အလုပ်လုပ်ချိန်ကြောင့် ရသောအကျိုးမဟုတ်ဘဲ အားလပ်ချိန် တစ်နာရီအတွင်း ဆည်းပူးမှုကြောင့် ရသောအကျိုး ဖြစ်သည်ဟုဆိုလျှင် လွန်မည်မထင်ချေ။

၁၉၁၀ ခုနှစ်တွင် အသက် ၁၄ နှစ်အရွယ် လူငယ်လေးတစ်ဦး


mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းထွက်ပြီး အတော်အသင့် ကြီးမားသော ကုမ္ပဏီကြီးတစ်ခုတွင် ရုံးလုလင်အဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ သူသည် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေတတ်သော လူငယ်ဖြစ်သည်။ သူသည် တစ်စုံတစ်ခု လေ့လာဆည်းပူးရန်နှင့် သူတစ်ပါးအကျိုးဆောင်ရွက်ရန် အမြဲမပြတ် အာသီသ ပြင်းထန်နေသောကြောင့် တခြား ရုံးလုလင်များနှင့် ခြားနားသည်ဟု ဆိုနိုင်သည်။ သူသည် သူ အလုပ်လုပ်ကိုင်နေသော ကုမ္ပဏီကို အလွန်တရာ စိတ်ဝင်စားမိသည်။ သူသည် ကုမ္ပဏီ၏ ထုတ်ကုန်များ၊ ပုံပြစာအုပ်များ၊ ကြော်ငြာများကို ထက်ထက်သန်သန် လေ့လာခဲ့သည်။

ပထမ နွေရာသီအားလပ်ရက်များတွင် သူလုပ်ကိုင်နေသော ကုမ္ပဏီ၏ စက်ရုံကို သွားရောက် လေ့လာခဲ့သည်။ ပစ္စည်းများ ထုတ်လုပ်ပုံကို တစ်နေကုန် အပန်းဖြေချိန် အကုန်ခံ ကြည့်ရှု လေ့လာခဲ့သည်။ သူသည် စက်ရုံကို ကြည့်ရှုခွင့်ရရန် ပထမ လျှောက်ခဲ့ရသည်။ ဤကြည့်ရှုခွင့် ပန်ကြားချက်က သူ့ကို ထူးခြားသော ရုံးလုလင်အဖြစ် ပေါ်လွင်စေခဲ့သည်။ ကုမ္ပဏီ အကြီးအကဲများက စက်ရုံကို သွားလေ့လာသော သူ့အကြောင်း ကြားပြီး သူ့အကြောင်း စကားစပ်မိကြသည်။

သူသည် အသက် ၁၅ နှစ် မပြည့်ခင်မှာပင် ကုမ္ပဏီ ထိပ်တန်းအရာရှိများ၏ မျက်နှာသာပေး အလေးထားမှုကို ရခဲ့သည်။ သူသည် အချိန်တိုလေးအတွင်းမှာပင် ဖိုင်တွဲဌာန ရာထူးတိုးမြှင့်ခံရသည်။ လစာတိုးရရှိသည်။ အသက် ၁၈ နှစ်အရွယ် ရောက်သောအခါတွင် သူသည် စီးပွားရေးလုပ်ငန်း စာအုပ်များ၊ မဂ္ဂဇင်းများ ဖတ်ရှု လေ့လာခဲ့သည်။ သူ၏ လုပ်ဖော်ကိုင်ဖက် စာရေးများက သူ့ကို လှောင်ပြောင်ကြသည်။ သူ၏ စာအုပ်များကို ပုတ်ခတ်ခဲ့သည်။ သို့သော် လူငယ်လေးက ယင်းတို့ထက် အသိရှိခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

သူသည် သူ့လုပ်ငန်း၊ သူ့ကုမ္ပဏီနှင့် သူ့အနာဂတ်ကို စိတ်ဝင်တစား ရှိခဲ့သည်။ ထို့ကြောင့် လူငယ်အများစုနှင့် ခြားနားနေခဲ့သည်။ သူ့ကို လှောင်ပြောင် ဟားတိုက်သည့်တိုင်အောင် သူ အမှုမထားခဲ့ချေ။ သူ့တွင် ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်စိတ် ရှိခဲ့သည်။ သူသည် ဦးနှောက် ပျိုးထောင်နေသူတစ်ဦး ဖြစ်သည်။ သူသည် အဆက်မပြတ် ဆည်းပူး လေ့လာနေခဲ့သည်။ အဆက်မပြတ် ရာထူးတိုးမြှင့်ခံနေရခဲ့သည်။ လတ်တလောကာလတွင် သူသည် ထိုကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်နေချေပြီ။ သူ့လက်အောက်တွင် အမှုထမ်းပေါင်း သုံးထောင် ရှိသည်။

သူ့ကို လှောင်ပြောင်ကဲ့ရဲ့သူများသည် ယခုအခါတွင် သူ့လက်အောက်တွင် ရောက်နေသည်။ ထိုသူတို့သည် ယခုထက်တိုင်အောင် မိုက်နေကြဆဲ ဖြစ်သောကြောင့် ထိုသူ အောင်မြင်သွားပုံကို သဘောမပေါက်နိုင်ကြသေးချေ။ "ဒီကောင် တော်တော် ကံကောင်းတဲ့ကောင်" ဟုသာ နောက်ကွယ်တွင် ကောင်းကောင်း ပြောနေကြသည်။ အထက်သို့ မည်သို့တက်သွားကြောင်း မျက်ဝါးထင်ထင် တွေ့လိုက်ကြသော်လည်း မမြင်လိုက်ကြချေ။ ပညာမရလိုက်ချေ။

သူသည် အသိပညာ၊ အတတ်ပညာ ဆည်းပူးမှုလုပ်ငန်းအပေါ် သဘောထား မှန်ကန်သောကြောင့် အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့်သို့ တက်လာနိုင်ခဲ့သည်။ သူ၏ အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးပြုခဲ့သောကြောင့် သူသည် တန်ဖိုးတက်လာခဲ့သည်။ ဆည်းပူးလေ့လာရန် တက်ကြွသလို ပို၍ အသုံးဝင်ရန် ဝါယမစိုက်ထုတ်နေသော လူငယ်ကို တွေ့ရှိလျှင် ထိုလူငယ်သည် ဧကန်ပင် အထက်သို့ရောက်မည့် ပုဂ္ဂိုလ်ဟု သတ္တုချနိုင်သည်။ ထို့ပြင် ဗဟုသုတ မဆည်းပူး၊ လုပ်ငန်းကို မနှစ်ခြိုက်သူများ၏ လှောင်ပြောင်မှုကို ခံနေရမည်မှာလည်း သေချာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အချို့လူများ၏ အားလပ်ချိန်ဆောင်ရွက်မှု ပမာဏမှာ အံ့ချီးဖွယ်ရာ ကောင်းလှသည်။ ပညာရှိ ပန်းပဲသမားအဖြစ် နာမည်ကြီးခဲ့သော အဲလီဟူဘာရစ်သည် သူ၏ ပန်းပဲဖိုတွင် အလုပ်လုပ်ရင်း ဘာသာစကားပေါင်း ၅၀ မျှ လေ့လာဆည်းပူးခဲ့သည်။ လုပ်ငန်းကိုင်ငန်းကြီးများ လုပ်ကိုင်နေ၍ အလွန်များပြားသော ပုဂ္ဂိုလ်ကြီးများသည်ပင် အသုံးဝင်သော စာအုပ်စာတမ်းများ ရေးသားနိုင်အောင် အချိန်ရခဲ့သည်။ အချို့ကမူ အဆင့်မြင့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့များ ရယူနိုင်ခဲ့ကြသည်။

ကျေးကျွန်မိဘများမှ ဆင်းသက်လာသော အမေရိကန်နီဂရိုး ၁၂ သန်းမျှတွင်ပင် မိမိဘဝ ဖွံ့ဖြိုးရေး အသိအမြင် ပြင်းထန်ကြောင်း တွေ့ရသည်။ ယင်းနီဂရိုး ၉၀ ရာခိုင်နှုန်း စာရေး၊ စာဖတ်တတ်သည်။ ယင်း ၉၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသည် မမှန်ကန်သော စီရင်မှု၊ ဖိနှိပ်မှုများကို ဆန့်ကျင်၍ အထက်သို့တက်ရန် ကြိုးပမ်းနေကြသည်။

အမေရိကန်ပြည်ထောင်စုအတွင်း နီဂရိုးဆရာဝန် ခြောက်ထောင်၊ နီဂရိုးသတင်းစာ ၂၇၀၊ နီဂရိုးအာမခံကုမ္ပဏီ ၆၇၊ နီဂရိုးဘဏ် ၃၅ ခု ရှိသည်။ စုစုပေါင်း ပေါင်သန်းပေါင်း ၂၂၅ သန်း တန်ဖိုးရှိသော အိမ်များကို ပိုင်ဆိုင်သော နီဂရိုး ခုနစ်သိန်းခွဲ ရှိသည်။ အသားဖြူများ လွှမ်းမိုး၊ ဖိနှိပ်နေသော နိုင်ငံတွင် ယင်းကဲ့သို့ နီဂရိုးများ တိုးတက်ဖွံ့ဖြိုးနိုင်ခဲ့သည်ဆိုလျှင် မိမိအရပ်၊ မိမိဒေသတွင် ဘိုးဘေးဘီဘင် ကာလကတည်းက တိုင်းရင်းသားအဖြစ် ကြီးပြင်းလာသော လူငယ်၊ ဖိနှိပ်မှု၊ ကန့်သတ်မှု မခံရသော လူငယ်တစ်ဦးအနေဖြင့် မတိုးတက် မဖွံ့ဖြိုးနိုင်အောင် မည်သည့်အကြောင်း ရှိမည်နည်း။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကာလက စာအုပ်စာပေများကို စာပေသမားများ အဓိက ရေးသားခဲ့သည်။ ဘဝ၏ လက်တွေ့ကျသော ကိစ္စရပ်များ၊ ပြဿနာများ၊ စေ့ငုံသုံးသပ်သော စာအုပ်စာတမ်း



mgyoe.com

mgyoe.com SAMPLE BOOK

သိပ်မရှိခဲ့ချေ။ မျက်မှောက်ကာလတွင်မူ စီးပွားရေးလုပ်ငန်းမှန်သမျှ မိမိကိုယ်မိမိ ဖွံ့ဖြိုးပျိုးထောင်မှု မှန်သမျှနှင့် နီးနွယ်သော စာအုပ်ပေါင်းများစွာ ရှိသည်။ လတ်တလောကာလတွင် အသုံးအဝင်ဆုံး အသိပညာကို အလွယ်တကူ ဈေးသက်သာစွာ ရရှိနိုင်သည်။ မည်သည့်အကြောင်းရပ်ကို သိလိုသည်ဖြစ်စေ စာအုပ်တစ်အုပ်တွင် ရှာဖွေ တွေ့ရှိနိုင်သည်။

ဤကဲ့သို့သော ခေတ်ကာလတွင်မူ အချိန်ဖြုန်းရန်သက်သက် တစ်နေ့တာသတင်း သိရန်သက်သက် စာဖတ်နေသူသည် စာဖတ်ခြင်း၏ တန်ဖိုးကို မသိချေ။ စာဖတ်သူအနေဖြင့် ပထမတန်းအဆင့် ဝင်နိုင်ရန်အတွက် အနည်းဆုံး တစ်လတွင် အကျိုးပြု စာအုပ်တစ်အုပ် ဖတ်သင့်သည်။ မီးရထားဥက္ကဋ္ဌကြီး ဆယ်မြူရယ်ရီးသည် အငြိမ်းစားယူ နှုတ်ဆက်မိန့်ခွန်းတွင် အောက်ပါအတိုင်း ပြောကြားခဲ့သည်။ "ခင်ဗျားတို့အားလုံးကို စာအုပ်ကောင်းဖတ်ပါလို့ အကြံပြုပါရစေ။ စာအုပ်ကောင်းတွေကို တန်ဖိုးဖြတ်လို့ မရဘူး။ အဲဒီအချက်ကို ဘယ်တော့မှ မမေ့ပါနဲ့"

အချို့စီးပွားရေးလုပ်ငန်း၊ စက်မှုပညာရပ် စာအုပ်များသည် ရွှေတွင်းတမျှ တန်ဖိုးရှိသည့် ငွေရှာနည်း အတတ်ပညာများ ပါဝင်သည်။ ယင်းတို့သည် အကောင်းဆုံးသော လုပ်အားချွေတာမှု ကိရိယာများ ဖြစ်သည်။ သုံးနာရီ၊ လေးနာရီမျှ ဖတ်ရှုရုံမျှဖြင့် လူတစ်ဦးတစ်ယောက်၏ ဘဝတစ်သက်တာ အတွေ့အကြုံကို မှီးယူ ဆည်းပူးနိုင်သည်။

စာအုပ်ကောင်းများ ဖတ်ရှုခြင်းသည် ပညာဆည်းပူးခြင်းသာဖြစ်သည်။ တက္ကသိုလ်သည် အသိပညာ၏ အခြေခံအုတ်မြစ်မျှသာ ဖြစ်သည်။ နိဒါန်းသာဖြစ်သည်။

"၁၈၈၀ ခုနှစ်မှာ ကျုပ် ဟားဗတ်တက္ကသိုလ်က အောင်မြင်ခဲ့

mgyoe.com SAMPLE BOOK

တယ်။ အဲဒီနောက်ပိုင်းမှာ ကျုပ်ရဲ့ ပညာဆည်းပူးမှု စတင်ခဲ့တော့တယ်" ဟု အမေရိကန်သမ္မတ သီအိုဒေါ်ရုစဗဲ့(လ်)က တစ်ကြိမ်က ပြောကြားခဲ့သည်။ သူသည် သူ၏ ဘဝတစ်လျှောက်လုံး စာအုပ်များ တွင်တွင် ဖတ်ခဲ့သူ ဖြစ်သည်။

စာအုပ်ကောင်းတစ်အုပ်က အစပျိုးလိုက်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း အများအပြား ရှိသည်။ လုပ်ငန်းရှင် အတော်များများသည် ယင်းတို့၏အချိန် ရာခိုင်နှုန်းများများကို စာဖတ်ရာတွင် အသုံးပြုခြင်းကြောင့် အမြတ်အစွန်း တိုးပွားအောင် လုပ်နိုင်လာခဲ့သည့် အဖြစ်မျိုးများ ကြုံခဲ့ဖူးသည်။ စာရေးသူသည် ပေါင်ငါးသိန်းမျှ ကြွယ်ဝနေပြီဖြစ်သော လုပ်ငန်းရှင်တစ်ဦးကို တစ်ကြိမ်က တွေ့ခဲ့ဖူးသည်။ သူ၏လက်ထဲတွင် စာအုပ်တစ်အုပ် ကိုင်ထားသည်ကို တွေ့မိသည်။

"ဟင် ... ခင်ဗျား ပညာဆည်းပူးတုန်းပါလား" ဟု စာရေးသူက မေးလိုက်သောအခါတွင် ...

"ဒါပေါ့ဗျ။ အဲဒါ ဘာဖြစ်လို့လဲ" ဟု ထိုသူက ပြန်ဖြေခဲ့သည်။

စီးပွားရေးလောကတွင် စာအုပ်အသိကို အထင်မကြီးသော ဓလေ့ ရှိသေးသည်။ သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်သူများ လောကတွင်မူ ထိုသို့သော အမြင်ကျဉ်းမှု မရှိချေ။ လယ်သမားများ၊ စီးပွားရေးသမားများတွင်သာ ထိုဘောင်ခတ်အမြင် ရှိသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ လယ်သမားများ၊ စီးပွားရေးသမားများက လက်တွေ့ အတွေ့အကြုံကို အလေးထားလွန်းခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် စီးပွားရေး၊ စိုက်ပျိုးရေးစာအုပ်များကို သဘောတရားရေးရာ သမားများကသာ ရေးသားခဲ့သည့် အစဉ်အလာ ရှိသောကြောင့် ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မျက်မှောက်ကာလတွင်မူ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ လက်တွေ့ ပွဲတိုးသောစာအုပ် အများအပြား ရှိသည်။ လေ့လာဆည်းပူးရန် ဤမျှ ပမာဏ များပြားသည့်တိုင်အောင် လျစ်လျူရှုသောသူသည် သူ၏ ပြိုင်ဘက်များကို နောက်တွင် ပြတ်ကျကျန်ခဲ့သည့် အဖြစ်ကို ဧကန်ပင် ကြုံရလိမ့်မည်။ မျက်မှောက်ခေတ်ကာလတွင် လူတိုင်း လူတိုင်းသည် အသုံးဝင်သောစာအုပ်၊ အကျိုးပြုစာအုပ်များကို ဖတ်ရှုလေ့လာရမည်။

စာရေးသူသည် ပင်လယ်ကူး သင်္ဘောကြီးတစ်စင်းဖြင့် ခရီးသွားခိုက်တွင် သင်္ဘောကပ္ပတိန်နှင့် စကားလက်ဆုံ ပြောဖြစ်သည်။

"ခင်ဗျား စာအုပ်တွေကို တော်တော် ဆည်းပူးခဲ့တယ် ထင်တယ်"

စာရေးသူက ပြောလိုက်သောအခါတွင် သူသည် စိတ်အနှောင့်အယှက် ဖြစ်သွားပုံဖြင့် တုံ့ပြန်လိုက်သည်။

"မဖတ်ခဲ့ပါဘူး။ ပင်လယ်ပြင်မှာ လက်တွေ့ဘဝကပဲ တတ်မြောက်ရတယ်"

သို့တိုင်အောင် သူ့အခန်းတွင် "လမ်းကြောင်းဖျက်ဂယက်များ" ဟူသော စာအုပ်ကို တွေ့ခဲ့သည်။ သူသည် စာအုပ်များမှ လေ့လာဆည်းပူးမှုများ ပြုခဲ့သည့်တိုင်အောင် လူအထင်မကြီးမည်စိုး၍ ဝန်ခံခြင်း မပြုလိုပုံရသည်။

စာတွေ့မဟုတ်ဘဲ လက်တွေ့ တတ်လာသည်ဆိုမှ လူအထင်ကြီးသည်ဟူသော ယူဆချက် ရှိကြသေးသည်ကို မငြင်းနိုင်ချေ။ ယင်းကား တစ်ဖက်စောင်းနင်း အမြင်မှားခြင်း၊ ဟန်များခြင်းသာ ဖြစ်သည်။ မိမိလုပ်ငန်းနှင့် ပတ်သက်သော စာအုပ်စာပေများကို လေ့လာဆည်းပူးခြင်း မပြုသူ ရှိနိုင်သည်။ ပညာအဆင့် ခေါင်းပါးအောင် လုပ်နေခြင်းမျှသာ ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျား အကျိုးပြုစာအုပ်တွေ ဖတ်ရဲ့လား" ဟု အမေးခံရသူတိုင်းသည် "သေချာပေါက် ဖတ်တာပေါ့။ ကျုပ်က ရောက်တဲ့နေရာမှာ ပညာရှာဖို့ ဆန္ဒရှိတယ်။ ခုခေတ်ကာလမှာ သိသင့်သိထိုက်တာတွေ များပြားလွန်းတော့ လက်တွေ့ အတွေ့အကြုံ တစ်ခုတည်းအားကိုးနေလို့က မပြည့်စုံနိုင်ဘူး" ဟု ဖြေကြားခဲ့သင့်သည်။

ကျွန်ုပ်တို့သည် မိမိလုပ်ငန်းအကြောင်း "ကကြီး" မှ "အ" အထိ သိသည်ဟု ပြောကြားသူများကို မကြာခဏ ကြုံတွေ့တတ်သည်။ လုပ်ငန်းတစ်ခုကို "ကကြီး" မှ "အ" အထိ သိနိုင်စွမ်းသူ မရှိကြောင်း သေချာသည်။ ပညာရပ်တစ်ခုကို လေ့လာလိုက်စားလေလေ မသိသေး၊ မတတ်သေးသည့် အချက်အလက် အများအပြားရှိကြောင်း သိလာလေလေ ဖြစ်သည်။ အမြဲတစေပင် အချက်အလက်အသစ်အဆန်း တစ်ရပ်ရပ် ပေါ်နေတတ်သည်။ မိမိနှင့်သက်ဆိုင်သော လုပ်ငန်းရပ်တွင် ကမ်းကုန်အောင် သိပါသည်ဆိုသော အချက်များသည်ပင် မသိသေးသည့် အချက်အလက် ပမာဏ နည်းပါးသည်။ ဘဝမှာ တိုတောင်းလွန်း၏။ လူ့တစ်သက်တာအတွင်း ဆည်းပူး၍ မရနိုင်တော့အောင် အသိပညာပမာဏ များပြားလွန်းနေချေပြီ။

စာရေးသူသည် စာကြမ်းပိုး ဖြစ်သည်။ ဘဝတစ်လျှောက်လုံး မပြတ် စာဖတ်ခဲ့သည်။ သို့သော် စာရေးသူ ဖတ်ရှုခဲ့သော စာအုပ်အရေအတွက်သည် ငါးထောင်ထက် မပိုနိုင်ချေ။ ဗြိတိသျှပြတိုက်တွင် စာအုပ်ပေါင်း လေးသန်း ရှိသည်။ စာရေးသူ နေ့ညမပြတ် စာဖတ်လျှင်ပင် စာအုပ်အသစ်များကို ဖတ်မမီနိုင်ပေ။ ယင်းအချက်ကိုထောက်ရှုခြင်းအားဖြင့် စာရေးသူမသိသော ပမာဏသည် စာရေးသူသိသော ပမာဏထက် ပိုစွာ ကြီးမားနေလွန်းကြောင်း ကောင်းကောင်း သဘောပေါက်မိသည်။

သာမန်လုပ်ငန်းရှင်တစ်ဦးသည် သူ၏ လုပ်ဖော်ကိုင်ဖက်


mgyoe.com

mgyoe.com
SAMPLE BOOK

များမှ အသိပညာ အနည်းအပါး ရတတ်သည်။ အဖိုးအခကြီးလှသော လက်တွေ့ အတွေ့အကြုံမှ အနည်းငယ် တတ်ကျွမ်းပြန်သည်။ လုပ်ငန်းနှင့်သက်ဆိုင်သော စာအုပ် ဆယ်အုပ်မျှ ဖတ်ရှုလိုက်သည်နှင့် သူ့ကိုယ်သူ ကျွမ်းကျင်သူတစ်ဦးအဖြစ် ထင်မှတ်လိုက်သည်။ အသက် ၃၀ အရွယ်သို့ ရောက်သောအခါတွင် သိသင့်သိထိုက်သော အချက်မှန်သမျှ သိရှိပြီးဟု ယူဆသည်။ အားလပ်ချိန်မှန်သမျှကို စိတ်အပန်းဖြေမှု သက်သက်အတွက် အသုံးပြုတော့သည်။ တစ်နည်းဆိုရလျှင် သူသည် ကကြီး၊ ခခွေး၊ ဂငယ် အဆင့်အတန်းတွင် ရပ်တန့်သွားပြီး သူ့လုပ်ငန်း မည်သည့်အတွက်ကြောင့် မဖွံ့ဖြိုး၊ မတိုးတက်လာသည်ကို နားမလည်အောင် ဖြစ်တတ်သည်။

စီးပွားရေးလုပ်ငန်းသည် ဖြစ်ပျက်နေသမျှကို ထိုင်ကြည့်နေနိုင်သော တရားပွဲ မဟုတ်ချေ။ သရုပ်ပြ လှည့်လည်ပွဲတစ်ခုနှင့် တူသည်။ ကားတန်း၊ လူတန်းနှင့် မီအောင် လိုက်နေရသည်။ နည်းစနစ်အသစ်များ၊ အတွေးအခေါ်သစ်များ အစဉ်မပြတ် ပေါ်ထွက်လာနေသောကြောင့် လူတစ်ဦးသည် မည်မျှ တော်သည်ပင်ဖြစ်စေ၊ တစ်ယောက်တည်း တွေးခေါ်မြော်မြင်ခြင်းမျှဖြင့် အလုပ်မလုပ်နိုင်ချေ။ သူသည် အရာရာတိုင်းကို မတတ်ကျွမ်းနိုင်သော်လည်း တတ်နိုင်သမျှ ဆည်းပူးရန် လိုသည်။ ကကြီး၊ ခခွေး၊ ဂငယ် အဆင့်များလောက်ဖြင့် ငွေများများ မရနိုင်ချေ။

အမှောင်ခေတ်ကာလကမူ လူတစ်ယောက် မည်မျှသာ တတ်သိနားလည်ရမည်ကို ကန့်သတ်ထားမှုများ ရှိခဲ့သည်။ အာဏာပိုင်များက လူထုကို ဖိနှိပ်ထားခဲ့သည်။ ဘဝတစ်သက်တာလုံး အသိပညာ ခေါင်းပါးနေစေခဲ့သည်။ မျက်မှောက်ကာလ အာဏာရှင်များ အုပ်စိုးသော အမှောင်နိုင်ငံများတွင်လည်း ထိုသို့သော ကန့်သတ်ချက်များ ရှိသည်။ သို့သော် ဗြိတိန်နိုင်ငံနှင့် အခြားနိုင်ငံ အနည်းငယ်


mgyoe.com

mgyoe.com SAMPLE BOOK

တွင်မူ လူတစ်ဦး၏ ဉာဏဖွံ့ဖြိုးမှု အစွမ်းသည် ထိုပုဂ္ဂိုလ်ပေါ်တွင်သာ တည်နေသည်။ သူ၏ အားလပ်ချိန်ကို သူ့အသုံးချပုံပေါ်တွင် တည်နေသည်။

"အချိန်ဖြုန်းခွင့်ရှိသော ကာလတွင် တစ်ခုခု ဆောင်ရွက်သူသည် အသားတင် မြတ်စွန်းမှု ရရှိသည်" ဟု မစ္စတာ စီစီနိုက်က စာရေးသူကို တစ်ကြိမ်က ပြောခဲ့ဖူးသည်။ ယင်းအချက်ကို ပီပီပြင်ပြင်မြင်သူ နည်းပါးလှသည်။ အားလပ်ချိန်တွင် အကျိုးရှိသော အလုပ်ကို ဆောင်ရွက်လျှင် ယင်းသို့ ဆောင်ရွက်မှုကြောင့် မ,တည် စရိတ် မရှိချေ။ ထို့ကြောင့် ရရှိသမျှသည် အသားတင်အမြတ် သက်သက်သာ ဖြစ်သည်။

အပျော်တမ်းဝါသနာက အခွင့်အလမ်းပေးလာသည့် အခြေအနေများ အများအပြား ရှိသည်။ တစ်ခါတစ်ရံတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း ဖြစ်လာတတ်သည်။ လန်ဒန်မြို့မှ ရည်မှန်းချက်ကြီးမားသော လူငယ်တစ်ဦးသည် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ကြုံလို၍ သက်သက် တံဆိပ်ခေါင်း စုဆောင်းသည့် ဝါသနာကို ပျိုးထောင်ခဲ့သည်။ သူသည် သူ့အစွမ်းအစကိုသူ ယုံကြည်မှုအပြည့် ရှိခဲ့သော်လည်း ပေါက်ပေါက်ရောက်ရောက်ရှိသော မိတ်ဆွေများ ကင်းမဲ့ခဲ့သည်။ သူသည် သူ့ဝါသနာကို "တံခါးဖွင့်ကိရိယာ" အဖြစ် အသုံးပြုသွားသည်။ နောက်ဆုံးတွင် သူသည် လန်ဒန်မြို့၏ အကြွယ်ဝဆုံး၊ လူအလေးစားဆုံး ငွေရှင်တစ်ဦး ဖြစ်လာခဲ့သည်။

အထက်တွင် ဖော်ပြသကဲ့သို့ပင် ဦးနှောက်ပျိုးထောင်ရေး ဆောင်ရွက်သောအခါ ပထမလှမ်းရမည့် ခြေလှမ်းကား အားလပ်ချိန်ကို တန်ဖိုးထားတတ်ရေးသာ ဖြစ်သည်။ ယင်းသည် လူတိုင်း လူတိုင်း၏ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှု ဖြစ်သည်။ မိမိဦးနှောက် ပျိုးထောင်ရန်


mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့လျှင် တစ်နာရီမျှ အသုံးပြုသူသည် တစ်နှစ်တာကာလတွင် ၈ နာရီ၊ အလုပ်ရက် ၄၅ ရက်မျှ စုဆောင်းမိသည်။

"ဘဝ၏ အကြီးမားဆုံးသော အမှားအယွင်းကား မိမိစွမ်းအင် ဖွံ့ဖြိုးမှုနှင့် အောင်မြင်နိုင်မှု ပမာဏကို လျှော့တွက်မိခြင်းပင်ဖြစ်သည်" ဟု အရောင်းမန်နေဂျာ တစ်ဦးဖြစ်သော မစ္စတာ မန်လီပီနော့သမ်က ပြောကြားခဲ့သည်။ သာမန်ဦးနှောက် တစ်ခုသည် ၁၀ ရာခိုင်နှုန်းမျှသာ ဖွံ့ဖြိုးနေသည်ဟု ဦးနှောက်လေ့လာသော ဆရာဝန်များ ပြောကြားသောကြောင့် မစ္စတာနော့သမ်၏ စကားကို လျစ်လျူရှု၍ မရချေ။ မိမိဘဝစွမ်းရည်၏ ၉၀ ရာခိုင်နှုန်းများကို ဆုံးရှုံးစေသော အမှားအယွင်းထက် ဆိုးဝါးသော အမှားအယွင်း မရှိချေ။

သံကြွပ်သံချောင်းတိုင်းတွင် နာရီစပရင် ဖြစ်နိုင်သည့် အလားအလာ ရှိသည်။ လူငယ်အများစုတွင် ယင်းတို့ကိုယ်တိုင် သတိပြုမိသည်ထက် ပိုသည့် အောင်မြင်မှုများ၊ အလားအလာများ ရှိသည်။ ဦးနှောက် ဖွံ့ဖြိုးနေသော ပုဂ္ဂိုလ်များ နည်းပါးသော်လည်း ဦးနှောက် မဖွံ့ဖြိုးသေးသောလူ သန်းပေါင်းများစွာ ရှိသည်။ မိမိဘဝကို အဓိပ္ပာယ်ရှိရှိ ပျိုးထောင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်လာသော လူငယ်များ နည်းပါးလှသည်။ သို့သော် ထိုသို့သော ရည်ရွယ်ချက်ထားသော လူငယ်များသည် ယင်းတို့ရွေးချယ်သော လုပ်ငန်းသို့မဟုတ် ပညာရပ်တွင် ထိပ်ဆုံးသို့ ရောက်လေ့ရှိသည်ကို မငြင်းနိုင်ချေ။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

## အဓိပ္ပာယ်ရှိသော ရည်ရွယ်ချက်ထားပါ

ဦးနှောက်ပျိုးထောင်မှု လုပ်ငန်းစဉ်၏ ဒုတိယခြေလှမ်းမှာ ထိုက်တန်သောရည်မှန်းချက် ထားရှိရေးပင် ဖြစ်သည်။ မိမိ၏ အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆုံးဖြတ်လိုက်သောသူသည် အောက်ပါအတိုင်း သူ့ကိုယ်သူ မေးခွန်းထုတ်သင့်သည်။

“ဘယ်အကျိုးကို မျှော်ကိုးမည်နည်း”

သူသည် ရွှေ့လျားတော့မည့်သူ ဖြစ်သည်။ ရွှေ့လျားမည် ဆိုသောကြောင့် ဦးတည်ချက် ရွေးရတော့မည်။ အဓိပ္ပာယ်ကင်းမဲ့စွာ လွင့်မျောနေ၍ မဖြစ်ချေ။

ယခုခေတ်ကာလ စက်ရုံအသစ်တစ်ခုကို တည်ဆောက်လျှင် စက်ရုံပုံစံကို ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းစဉ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ပုံစံရေးဆွဲ တည်ဆောက်သင့်သည်။ စက်ရုံသည် မီးရထားသံလမ်းခွဲ အဆုံးမှ ဆံထိုးအပ် တစ်ချောင်းကဲ့သို့ အပ်ကျမတ်ကျ



mgyoe.com

mgyoe.com
SAMPLE BOOK

ကွက်တိ ဖြစ်ကောင်းဖြစ်နေမည်။ သို့မဟုတ် ခုနစ်ထပ်၊ ရှစ်ထပ်မျှ ဖြစ်ကောင်းဖြစ်နေမည်။ သို့မဟုတ် မျဉ်းတစ်ဖြောင့်တည်း တည်ဆောက်ထားကောင်း တည်ဆောက်ထားမည်။ ထို့ကြောင့် လူသည်လည်း သူ၏ဉာဏ်ကို လေ့ကျင့် သင်ကြားပေးရာတွင် မည်သည့်ကိစ္စကို လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း ဆုံးဖြတ်ပြီးသား ဖြစ်ရမည်။ အမြင့်ဆုံးသော အောင်မြင်မှု ရရှိရန်အတွက် မိမိဦးနှောက်ကို အထူးယန္တရားဖြစ်အောင် ဖန်တီး ပျိုးထောင်ရမည်။

လူငယ်အတော်များများသည် ယင်းတို့တွင် အာသီသများ ရှိသောကြောင့် ရည်မှန်းချက်ရှိသူများ ဖြစ်သည်ဟု ထင်မှတ်မှား တတ်ကြသည်။ ယင်းကား မိမိကိုယ်မိမိ လှည့်စားခြင်းမျှသာ ဖြစ်သည်။ ဦးတည်ချက်ဆန္ဒ ပြင်းအားမရှိလျှင် ရည်မှန်းချက် မမှန်ကန်နိုင်ပေ။ လူတိုင်း လူတိုင်းတွင် ဆန္ဒလေးများ ရှိကြသည်။ သို့သော် ယင်းဆန္ဒများကို အကောင်အထည်ပေါ်အောင် တစိုက်မတ်မတ် ကြိုးပမ်းသူများ ရှားပါးလှသည်။

"သူများပြောသလို ငါ ဘာလို့ မပြောနိုင်ရတာလဲ။ သူများ သုံးသလို ငါ ဘာလို့ မသုံးနိုင်ရတာလဲ။ တခြားလူတွေကျ ကံကောင်းပြီး ငါက ဘာလို့ ကံမကောင်းတာလဲ" မိမိအိပ်ခန်းကျဉ်းလေးတွင် ထိုင်၍ စိတ်ပျက်လက်ပျက် တွေးတောမိသည့် လူငယ်အများအပြား ရှိသည်။

ထိုသို့သောမေးခွန်းများ စိတ်ထဲတွင် ရှိနေခြင်းကား ကောင်း၏။ ဆန္ဒတို့သည် သစ်စေ့များနှင့် တူသည်။ အောင်မြင်သော ပုဂ္ဂိုလ်တိုင်းသည် ဆန္ဒများကို ပန္နက်ချခဲ့သည်။ သို့သော် ဆန္ဒကို ဘဏ်သို့ ယူသွားပြီး ချက်လက်မှတ်သဘောထား၊ ငွေထုတ်ယူ၍ မရချေ။ ယင်းကဲ့သို့ လွယ်ကူသောအနေအထား မရှိချေ။ သစ်စေ့တို့သည် မစိုက်မပျိုးမချင်း တန်ဖိုးကင်းမဲ့၏။ မိမိလိုလားသော အရာကို မဖြစ်မနေ ရရှိအောင် ကြိုးစားမည်ဟု ရည်ရွယ်ချက် မပြင်းထန်သမျှ ကာလပတ်


mgyoe.com

mgyoe.com SAMPLE BOOK

လုံး ဆန္ဒတို့သည်လည်း တန်ဖိုးမဲ့၏။

ပထမ ဆန္ဒလာ။ ထို့နောက် စိတ်အင်အား ရောက်လာ၏။ ဆန္ဒရှိရန် လွယ်ကူသည်။ စိတ်အင်အား ပျိုးထောင်ရန် မလွယ်ကူချေ။ စိတ်စွမ်းအားပျိုးထောင်ရန် အကောင်းဆုံးသော နည်းစနစ်ကား တစ်စုံတစ်ခုကို လေ့လာ သို့မဟုတ် လုပ်ကိုင် သို့မဟုတ် မွမ်းမံရန် ဖြစ်သည်။ ထာဝရအောင်မြင်မှု၏ လျှို့ဝှက်သော့ချက်မှာ ထိုအချက်တစ်ရပ်တည်းပင် ဖြစ်သည်။ လေ့လာ၊ ဆောင်ရွက်၊ မွမ်းမံခြင်းဖြင့် အကျိုးရှိသော ရလဒ်မှန်သမျှကို ရရှိသည်။ သာမန် အညတရ အလုပ်အကိုင်ကို လုပ်ကိုင်နေသော အသက် ၂၀ အရွယ် လူငယ်လေးပင် ဖြစ်စေ၊ အသက် ၆၀ အရွယ် သန်းကြွယ်သူဌေးကြီးပင်ဖြစ်စေ ထို လေ့လာ၊ ဆောင်ရွက်၊ မွမ်းမံခြင်း လုပ်ရပ် သုံးသွယ်ဖြင့်ပင် စိတ်စွမ်းအင်ကို တည်ဆောက် ထိန်းသိမ်းသွားရသည်။

အလုပ်ခြောက်မျိုးလောက်ကို လုပ်ကိုင်ရန် ရည်ရွယ်ပြီး ယင်းအလုပ်များကို လုပ်ကိုင်လိုက်သည်နှင့် ထိုသူ၏ အသိစိတ်ဓာတ်တွင် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝ ရှိလာတတ်သောကြောင့် စိတ်စွမ်းအင်လည်း တက်လာသည်။ မိမိဘဝအခြေအနေကို စိတ်မကောင်း၊ စိတ်ဓာတ်ကျနေသည့် အဖြစ်များ ပျောက်ပျက်သွားသည်။ တကယ်ပင် ရည်မှန်းချက် ရှိလာသည်။ သူ၏ဆန္ဒများ ပုံစံချလာသည်။ သူထင်မှတ်သည်ထက် ပို၍ လုပ်နိုင်ကိုင်နိုင်ကြောင်း သိရှိလာသည်။ မိမိ၏အစွမ်းကို မိမိ သိတတ်လာသည်။ ပို၍ခက်ခဲသော တာဝန်များကို ယူလာသည်။

ဆန္ဒရှိရုံမျှဖြင့် အောင်မြင် သို့မဟုတ် ပျော်ရွှင်နိုင်မည် မဟုတ်ချေ။ ဆန္ဒသည် သတ္တိမရှိသူတို့ကို စိတ်ဆင်းရဲတတ်စေရုံသာ ရှိသည်။ စိတ်စွမ်းအားနှင့် မဆုတ်မနစ် ကြိုးပမ်းမှုသာလျှင် အိပ်မက်များကို အကောင်အထည် ပေါ်စေတတ်သည်။ အမြဲတစေ မဟုတ်သည့်တိုင် မကြာမကြာ ဖြစ်စေသည်။ မိမိလိုလားသမျှ ရရှိအောင်



mgyoe.com

mgyoe.com
SAMPLE BOOK

စွမ်းဆောင်နိုင်သူ နည်းပါးသည်။ သို့သော် ကျွန်ုပ်တို့ အများစုသည် လိုလားသောအရာ အတော်များများကို ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။ ထိုက်သင့်သောတန်ဖိုး ပေးဆပ်ဝံ့သော သတ္တိရှိလျှင် ရရှိပိုင်ဆိုင်နိုင်သည်။

ခိုင်မာသောရည်မှန်းချက် ရှိမှသာလျှင် ဆန္ဒမွေ၍ ပတ်ချာလည်သွားသည့် အဖြစ်မျိုးမှ ကင်းလွတ်နိုင်သည်။ ခိုင်မာသောရည်မှန်းချက် မရှိလျှင် အလုပ်တစ်ခုမှ တစ်ခုသို့ ခုန်ကူးနေသော မျောက်လူသာ ဖြစ်သွားမည်။ မိမိလုပ်ကိုင်နေသော အလုပ်ကို ငြီးငွေ့ စိတ်ကုန်ခန်းနေသောအခါတွင် လက်ရှိလုပ်ကိုင်နေသော အလုပ်နှင့် လုံးဝဥသုံ ကွဲပြားသော အလုပ်မျိုးကို ပြောင်းလဲလုပ်ကိုင်လိုစိတ် ပေါ်တတ်သည်။

"ကျုပ် ကုန်ခြောက်လုပ်ငန်းနဲ့ ရင်ပြည့်နေပြီ။ ကျုပ်ဆိုင်ကို ရောင်းပြီး ကားပြင်ရုံတစ်ရုံ ထောင်တော့မယ်" ဟု အလယ်ပိုင်းသားတစ်ဦးက စာရေးသူထံ ရေးသား ပေးပို့ဖူးသည်။ နောက် ၂ နှစ်အကြာတွင် ထိုပုဂ္ဂိုလ်သည် သူ၏ ကားပြင်ရုံကို ရောင်း၍ ကြော်ငြာကိုယ်စားလှယ်ကုမ္ပဏီ တည်ထောင်မည်မှာ သေချာသလောက်ပင် ဖြစ်သည်။ သူ၏ ဆန္ဒများက သူ့ကို ဘောင်ဘင်ခတ် တွန်းပို့နေသော်လည်း ရည်ရွယ်ချက် မရှိသောကြောင့် အခြေမကျနိုင်အောင် ဖြစ်နေမည်ပင်။

လုပ်ငန်းသမားတိုင်းလိုလိုသည် ယင်းတို့ လုပ်ကိုင်နေသော အလုပ်ထက် တခြားအလုပ်ကို လုပ်ကိုင်လိုက်လျှင် ကောင်းလေစွဟု မကြာမကြာ ဆန္ဒပေါ်တတ်၏။ "အဝေးမှမြက်ခင်းပြင် ပို၍ စိမ်းဟန်ရှိသည်" ဟု ဆိုရိုးစကားကဲ့သို့ပင် ဖြစ်သည်။ သူသည် သူ့လုပ်ငန်း၏ ဒုက္ခသုက္ခကိုသာ သိသည်။ တစ်ပါးသူတို့လုပ်ငန်း၏ ဒုက္ခသုက္ခကို မသိချေ။ ထိုသို့သော လုပ်ငန်းသမားသည် တခြားလုပ်ငန်းတွင် ငွေရင်းနှီးမြှုပ်နှံတတ်သည်။ နောက်နောင်မှ နောင်တရသည့် အဖြစ်ကို


mgyoe.com